United Nations
Educational, Scientific and
Cultural Organization

## ဒစ်ဂျစ်တယ်ပုံစံအပါအဝင် မှတ်တမ်းပြုထားသော အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ကြည့်ရှုလေ့လာခွင့်တို့နှင့် သက်ဆိုင်သည့် ထောက်ခံအကြံပြုချက်

**စကားချီး**

ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို) ၏ ၃၈ ကြိမ်မြောက် အထွေထွေညီလာခံကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်မှ ၁၈ ရက်ထိ ကျင်းပခဲ့ပါသည်။

အချိန်ကာလတစ်ခုအထိ ထိန်းသိမ်းလာခဲ့သော မှတ်တမ်းများသည် ကိန်းဂဏန်းများကို ရုပ်ပုံဖြင့် အစားထိုးဖော်ပြသည့်စနစ်ဖြင့်လည်းကောင်း၊ ဒစ်ဂျစ်တယ်စနစ်ဖြင့်လည်းကောင်း အချိန်နှင့်နေရာမှတစ်ဆင့် လူသားများတို့၏ ယဉ်ကျေးမှုနှင့် ၎င်း၏ဆက်လက်တိုးတက်မှုတို့၏ ကဏ္ဍများအားလုံးအပေါ်တွင် သက်ရောက်မှုတစ်ခုကို ဖြစ်ပေါ်စေလျက် အသိပညာဖန်တီးမှုနှင့် ဖော်ပြမှု၏ မူလနည်းလမ်းများကို ဖြစ်ပေါ်စေသည်ဟု **စဉ်းစားသုံးသပ်**ပါသည်။

မှတ်တမ်းပြုထားသောအမွေအနှစ်သည် လူသားများ၏ အတွေးအခေါ်နှင့် အဖြစ်အပျက်များကို ဖွင့်လှစ်ဖော်ပြမှု၊ ဘာသာစကားများ၊ ယဉ်ကျေးမှုများ၊ လူမျိုးများနှင့် ဤကမ္ဘာကြီးအကြောင်း သူတို့၏နားလည်မှုတို့၏ ဆင့်ကဲပြောင်းလဲမှုတို့ကို မှတ်တမ်းတင်ထားကြောင်းကိုလည်း **ထည့်သွင်းစဉ်းစားသုံးသပ်ခြင်း**

ငြိမ်းချမ်းရေးနှင့် လွတ်လပ်မှု၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် ဂုဏ်သိက္ခာအတွက် လေးစားမှုကို မြှင့်တင်ရန်အတွက် ပိုမိုကြီးမားသောနားလည်မှုနှင့် အပြန်အလှန် ဆွေးနွေးညှိနှိုင်းပြောဆိုမှုအတွက် အသိပညာမျှဝေမှုကို မြှင့်တင်ရာတွင် မှတ်တမ်းပြုထားသောအမွေအနှစ်၏ အရေးပါမှုကို **ထောက်ပြခြင်း**

မှတ်တမ်းပြုထားသောအမွေအနှစ်၏ ဆင့်ကဲပြောင်းလဲမှုက ယဉ်ကျေးမှုအသီးသီးဆိုင်ရာ ပညာရေးနှင့် ပုဂ္ဂိုလ်ရေးကြွယ်ဝမှု၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ တိုးတက်မှုတို့ကို ဖြစ်ပေါ်စေနိုင်ကြောင်းနှင့် ဖွံ့ဖြိုးရေးအတွက် အရေးပါသောအရင်းအမြစ်ဖြစ်ကြောင်းကို **မှတ်သားထားခြင်း**

မှတ်တမ်းပြုထားသောအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ထိုအမွေအနှစ်ကို ရေရှည်ကြည့်ရှုလေ့လာခွင့်သည် လူ့အခွင့်အရေးအနေနှင့် အမြင်၊ ဖွင့်ပြမှုနှင့် သတင်းအချက်အလက်ဆိုင်ရာ အခြေခံလွတ်လပ်ခွင့်ကို ပံ့ပိုးပေးနေကြောင်းကို တစ်ချိန်တည်းမှာပင် **ထည့်သွင်းစဉ်းစားခြင်း**

မှတ်တမ်းပြုထားသောအမွေအနှစ်ကို အပြည်ပြည်ဆိုင်ရာ ကြည့်ရှုလေ့လာခြင်းသည် ၎င်းကိုထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ဝင်ရောက်ကြည့်ရှုလေ့လာခွင့်တွင် အခွင့်အရေးလက်ကိုင်ထားသူများနှင့် အများပြည်သူတို့နှစ်ရပ်လုံးတို့၏ တရားဝင်အကျိုးကို လေးစားရမည်ကိုလည်း **ထည့်သွင်းစဉ်းစားခြင်း**

မှတ်တမ်းပြုထားသော အမွေအနှစ်ပုံစံဖြင့် တည်ရှိနေသော သမိုင်းနှင့်ယဉ်ကျေးမှုတို့၏ သဘောတရားများသည် လွယ်ကူသက်သာစွာ ဝင်ရောက်ကြည့်ရှုခံရခြင်း မရှိနိုင်ကြောင်းကို **အသိအမှတ်ပြုခြင်း**

အချိန်နှင့်အမျှ မှတ်တမ်းပြုထားသောအမွေအနှစ်တို့၏ သိသာထင်ရှားသောအစိတ်အပိုင်းတို့သည် သဘာဝ သို့မဟုတ် လူကြောင့်ဖြစ်သော ကပ်ဘေးများတို့ကြောင့် ပျောက်ကွယ်သွားခဲ့ကြောင်းကိုဖြစ်စေ၊ လျှင်မြန်သော နည်းပညာဆိုင်ရာ အပြောင်းအလဲများကြောင့် ဝင်ရောက်ကြည့်ရှုမရနိုင်ဖြစ်သွားကြောင်းကိုဖြစ်စေ **အသိအမှတ်ပြုပြီး** တရားဝင်ဖြစ်အောင်ပြုလုပ်မှုမရှိခြင်းသည် အောက်မေ့ဖွယ်ရာများ၏ အဖွဲ့အစည်းများက ပြန်လည်အဖတ်ဆယ်မရနိုင်သော ဆုံးရှုံးမှုနှင့် ထိုအမွေအနှစ်၏ ချို့တဲ့မှုကို တန်ပြန်ရန် နှောင့်နှေးသွားကြောင်းကို **ထောက်ပြခြင်း**

ထိုစိန်ခေါ်မှုကိုတုန့်ပြန်ရန် ယူနက်စကိုသည် ကမ္ဘာ့အမွေအနှစ်မှတ်တမ်းအစီအစဉ်ကို ၁၉၉၂ ခုနှစ်တွင် ဤကမ္ဘာကြီး၏ မှတ်တမ်းပြုထားသော အမွေအနှစ်များအတွက် အသိသတိရှိမှုနှင့် အကာအကွယ်ပေးမှုမြှင့်တင်ရန်လည်းကောင်း၊ ၎င်း၏အပြည်ပြည်ဆိုင်ရာနှင့် တည်မြဲသော ဝင်ရောက်ကြည့်ရှုခွင့်အတွက် ပံ့ပိုးရန်လည်းကောင်း စတင်ထူထောင်ခဲ့ကြောင်း ပြန်လည်**အမှတ်ရခြင်း**

နည်းပညာအလျှင်အမြန်ဆင့်ကဲပြောင်းလဲမှု၊ မာလ်တီမီဒီယာလုပ်ငန်းများ၊ အပြန်အလှန်လှုပ်ရှားဆောင်ရွက်နေသော ဟိုက်ပါမီဒီယာ၊ အွန်လိုင်း ဒိုင်ယာလော့ဂ်နှင့် ရှုပ်ထွေးသောစနစ်များမှ လျှင်မြန်သောအချက်အလက်အကြောင်းအရာများ၊ ရွေ့လျားနေသောအကြောင်းအရာနှင့် နောင်တွင်ထွက်ပေါ်လာမည့် ပုံစံများကဲ့သို့သော ရှုပ်ထွေးသည့်အရာများအပါအဝင် ဒစ်ဂျစ်တယ် အမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ခြင်းအတွက် ပုံစံများနှင့် လုပ်ငန်းစဉ်များ၏ စိန်ခေါ်မှုကို **ထည့်တွက်ခြင်း**

အပြည်ပြည်ဆိုင်ရာ စံနှုန်းသတ်မှတ်ခြင်း နည်းစနစ်များနှင့် စာကြွင်းတွင် ဖော်ပြထားသည့်အတိုင်း အခြားဆီလျော်သောသဘော တူညီချက်များ၊ အဆိုပြုချက်များတို့ကိုလည်း **ထည့်တွက်ခြင်း**

မှတ်တမ်းပြုထားသောအမွေအနှစ်၏တန်ဖိုးကို အကာအကွယ်ပေးခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဝင်ရောက်ကြည့်ရှုနိုင်ခြင်းနှင့် ပိုမိုကြွယ်ဝစေခြင်းတို့အတွက် နိုင်ငံများ၊ ရပ်ရွာများနှင့် လူတစ်ဦးချင်းစီတို့က သင့်လျော်သောဆောင်ရွက်မှုကို ပြုလုပ်ရန်လိုအပ်ကြောင်းကို **စိတ်ဝယ်မှတ်သားထားခြင်း**

ထိုမေးခွန်းသည် အဖွဲ့ဝင်နိုင်ငံများသို့ ထောက်ခံအကြံပြုချက်တစ်ခုအတွက် အကြောင်းရင်းတစ်ရပ်ဖြစ်သင့်ကြောင်း ၎င်း၏ ၃၇ ကြိမ်မြောက် အစည်းအဝေးပွဲတွင် **ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး** ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် လက်ရှိထောက်ခံအကြံပြုချက်ကို အဖွဲ့ဝင်နိုင်ငံများတို့က လက်ခံကျင့်သုံးကြပါသည်။

## အဓိပ္ပာယ်ဖွင့်ဆိုချက်များ

ဤထောက်ခံအကြံပြုချက်ဟူသော အကြောင်းအတွက် စာရွက်စာတမ်းတစ်ခုဆိုသည်မှာ ကိန်းဂဏန်းနေရာတွင် ရုပ်ပုံအစားထိုးသောစနစ်နှင့်ဖြစ်စေ ဒစ်ဂျစ်တယ်စနစ်နှင့်ဖြစ်စေ ပါဝင်သောအကြောင်းအရာနှင့် ၄င်းရှိနေသည့် သယ်ဆောင်သောအရာတို့ ပေါင်းစပ်ထားသည့်အရာတစ်ခုဖြစ်သည်။ ၄င်းသည် ကြာရှည်ထိန်းသိမ်းနိုင်သောအရာနှင့် ရွှေ့ပြောင်းနိုင်သောအရာဖြစ်လေ့ရှိသည်။ ထိုအကြောင်းအရာတွင် ပုံဆောင်ချက်များ သို့မဟုတ် ဂုဏ်စာများ (စာသားများကဲ့သို့)၊ ရုပ်ပုံများ (ရုပ်သေ သို့ ရုပ်ရှင်) နှင့် ကူးယူနိုင်သော သို့မဟုတ် ပြောင်းရွှေ့နိုင်သောအသံများတို့ ပါဝင်နိုင်ပါသည်။ ထိုသယ်ဆောင်သောအရာသည် အရေးပါသည့် အနုပညာဆန်သော၊ ယဉ်ကျေးမှုဆိုင်ရာ သို့မဟုတ် နည်းပညာဆိုင်ရာအရည်အသွေးများ ရှိနေနိုင်ပါသည်။ အကြောင်းအရာနှင့် သယ်ဆောင်သောအရာတို့ကြားရှိ ဆက်စပ်မှုသည် အသေးအဖွဲ့ မဖြစ်မနေအရေးပါသောအခြေအနေအထိ ရှိနိုင်ပါသည်။

မှတ်တမ်းပြုထားသောအမွေအနှစ်တွင် အဆိုပါစာရွက်စာတမ်းတစ်ရွက်ချင်းစီ သို့မဟုတ် အစုအဖွဲ့အလိုက်ဖြစ်စေ ရပ်ရွာတစ်ခု၊ ယဉ်ကျေးမှုတစ်ခု၊ နိုင်ငံတစ်နိုင်ငံ သို့မဟုတ် ယေဘုယျဘောအရ လူသားများအားလုံးအတွက်ဖြစ်စေ အရေးပါပြီး ရေရှည်တည်တံ့သည့်တန်ဖိုးရှိနေပြီး ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းသည် အန္တရာယ်များသော ချို့တဲ့မှုကိုဖြစ်ပေါ်သည်။ ထိုအမွေအနှစ်၏အရေးပါမှုသည် အချိန်ကာလတစ်ခုကိုဖြတ်သန်းပြီးမှသာ ထင်ရှားလာနိုင်ပါသည်။ ဤကမ္ဘာကြီး၏ မှတ်တမ်းပြုထားသော အမွေအနှစ်သည် အပြည်ပြည်ဆိုင်ရာအရေးပါမှုနှင့် အားလုံးတို့၏တာဝန်ဝတ္တရားဖြစ်ပြီး ယဉ်ကျေးမှုဆိုင်ရာ ထုံးတမ်းများနှင့် လက်တွေ့ကျမှုများကို လေးစားပြီးအသိအမှတ်ပြုမှုဖြင့် အားလုံးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်ပြီး အကာအကွယ်ပေးသင့်သည်။ ၄င်းသည် အစဉ်အမြဲဝင်ရောက်ကြည့်ရှုနိုင်မှုရှိသင့်ပြီး အားလုံးတို့က အဆီးအတားမရှိ ပြန်လည်အသုံးပြုနိုင်သင့်သည်။ ၄င်းသည် လူမှုရေး၊ နိုင်ငံရေးအစုအဖွဲ့အလိုက်နှင့် တစ်ဦးတစ်ယောက်ချင်းစီအလိုက် သမိုင်းကြောင်းကို နားလည်သဘောပေါက်ရန်အတွက် နည်းလမ်းများကိုပေးသည်။ ၄င်းသည် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်နှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးမှုကို အောက်ခြေမှတွန်းပို့ရန် အထောက်အကူပြုနိုင်သည်။ နိုင်ငံတစ်ခုချင်းစီတို့အတွက် ၄င်း၏မှတ်တမ်းပြုထားသော အမွေအနှစ်သည် ၄င်း၏မှတ်ဉာဏ်နှင့်ဖြစ်တည်မှုကို ထင်ဟပ်ပြနေသဖြင့် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းတွင် မိမိ၏နေရာကိုအဆုံးအဖြတ်ပေးရန် ပံ့ပိုးကူညီသည်။

မှတ်တမ်းပြုသောအဖွဲ့အစည်းများတွင် မှတ်တမ်းရုံးများ၊ စာကြည့်တိုက်များ၊ ပြတိုက်များနှင့် အခြားသောပညာရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာနှင့် သုတေသနအဖွဲ့အစည်းများ ပါဝင်နေကြသော်လည်း ထိုထက်မကသည်များ ရှိပါသေးသည်။

## ၁။ မှတ်တမ်းပြုထားသောအမွေအနှစ်ကို ဖော်ထုတ်သတ်မှတ်ခြင်း

၁.၁။ အဖွဲ့ဝင်နိုင်ငံများတို့သည် သူတို့၏ မှတ်တမ်းပြုသောအဖွဲ့အစည်းများတို့ကို သူတို့၏ပိုင်နက်များအတွင်းရှိ မှတ်တမ်းပြုထားသော အမွေအနှစ်များနှင့်စပ်လျဉ်းပြီး အပြည်ပြည်ဆိုင်ရာက ဖော်ထုတ်ပြီးသတ်မှတ်ထားသည့်စံနှုန်းများ၏ လမ်းညွှန်မှုခံယူသော သုတေသနနှင့် အတိုင်ပင်ခံဆွေးနွေးမှုအားဖြင့် ရွေးချယ်မှု၊ ရှာဖွေစုဆောင်းမှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှုစည်းမျဉ်းများ ဖော်ထုတ်ရာတွင် အထောက်အကူပြုရန် တိုက်တွန်းထားပါသည်။ ထိုမှတ်တမ်းများ၊ ရှာဖွေတွေ့ရှိမှုများနှင့် စုဆောင်းမှုများတို့ကို ၄င်းတို့အားထိန်းသိမ်းစောင့်ရှောက်မှုနှင့် အချိန်နှင့်အမျှဝင်ရောက်ကြည့်ရှုနိုင်မှုကို အာမခံချက်ပေးနိုင်သည့် နည်းလမ်းတစ်ခုဖြင့် စီမံခန့်ခွဲသင့်ပြီး အမျိုးအစားလိုက်စာရင်းသတ်မှတ်ခြင်းနှင့် အချက်အလက်စီမံခန့်ခွဲ ခြင်းအပါအဝင် ရှာဖွေဖော်ထုတ်မှုနည်း လမ်းများတို့ကို သတ်မှတ်ထားရမည်။

၁.၂။ မှတ်တမ်းပြုထားသောအမွေအနှစ်ကို ရွေးချယ်မှု၊ ရရှိမှုနှင့် ဖယ်ထုတ်မှုတို့အတွက် စည်းမျဉ်းများ၊ နည်းစနစ်များနှင့် စံနှုန်းများတို့ကို မှတ်တမ်းတင်မည့် အဖွဲ့အစည်းများတို့က အရပ်ဘက်အဖွဲ့အစည်းများနှင့် အဓိကမှတ်တမ်းများသာမက လူမှုမီဒီယာအပါအဝင် ၄င်းတို့၏ နောက်ခံဆက်စပ်ပစ္စည်းများကိုပါ ထည့်သွင်းသုံးသပ်လျက် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပြင်ဆင်သင့်သည်။ ရွေးချယ်မှုစံနှုန်းများသည် ခွဲခြားနိမ့်ချမှုမပါရသလို ရှင်းလင်းစွာ သတ်မှတ်ထားရမည်။ ရွေးချယ်မှုသည် အသိပညာနယ်ပယ်များ၊ အနုပညာဆိုင်ရာ ဖော်ပြချက်များနှင့် သမိုင်းဆိုင်ရာခေတ်များနှင့်စပ်လျဉ်းပြီး ဘက်လိုက်မှုမရှိစွာ ဟန်ချက်ညီနေရမည်။ သူတို့၏ ယာယီမျှသာဖြစ်တတ်သောသဘောတရားအရ ဒစ်ဂျစ်တယ်မှတ်တမ်းများတို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် သက်ဆိုင်သည့်ဆုံးဖြတ်ချက်များတို့ကို စတင်ဖန်တီးသောအချိန်တွင် သို့မဟုတ် ထိုအချိန်မတိုင်မီတွင် ချမှတ်ရန် လိုပါလိမ့်မည်။

၁.၃။ အဖွဲ့ဝင်နိုင်ငံများတို့ကို မပျက်မစီးကျန်ရစ်မှုသည် အလားအလာရှိသော သို့မဟုတ် ဖြစ်လတံ့သော အန္တရာယ်ရှိနေသည့် မှတ်တမ်းပြုထားသည့် အမွေအနှစ်အချို့တို့ကို ဖော်ထုတ်ရန် တိုက်တွန်းထားပြီး ၄င်းကို သင့်တင့်သောထိန်းသိမ်းစောင့်ရှောက်မှုများပြုလုပ်နိုင်သည့် အရည်အချင်းရှိသော အဖွဲ့အစည်းများ၏ အာရုံစိုက်မှုဆီသို့ ဆွဲယူလာရပါမည်။ သူတို့သည် မိမိတို့၏ ဆီလျော်သောမှတ်တမ်းပြုအဖွဲ့အစည်းများတို့ကို လက်တွေ့ကျပြီး လျောက်ပတ်မှုရှိသောအခါတိုင်းတွင် ပံ့ပိုးပြီးအားဖြည့်လျက် အများပြည်သူတို့အကျိုးအတွက် သူတို့၏ကိုယ်ပိုင်မှတ်တမ်းပြုထားသောအမွေအနှစ်ကို ဂရုပြုစောင့်ရှောက်ရန် သုတေသနအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကပိုင်ရှင်များတို့ကို အားပေးတိုက်တွန်းသည်။ ထိုနည်းတူစွာပင် ပြည်သူပိုင်နှင့် ပုဂ္ဂလိကအဖွဲ့အစည်းများတို့သည် သူတို့ကိုယ်တိုင်ဖန်တီးထားသောမှတ်တမ်းများအတွက် ကျွမ်းကျင်မှုအပြည့်ရှိသော စောင့်ရှောက်မှုကို အာမခံပေးသင့်သည်။

၁.၄။ အဖွဲ့ဝင်နိုင်ငံများတို့သည် နိုင်ငံအဆင့်၊ ဒေသတွင်းအဆင့်နှင့် အပြည်အပြည်ဆိုင်ရာအဆင့် ဤကမ္ဘာကြီး၏အောက်မေ့ဖွယ်ရာများ မှတ်ပုံတင်စာရင်းများတွင် အရေးပါသောမှတ်တမ်းပြုထားသည့်အမွေအနှစ်ကို အသိသတိရှိမှုမြှင့်တင်သည့် နည်းလမ်းတစ်ခုအနေနှင့်ဖော်ထုတ်ပြီး အမည်တင်သွင်းခြင်းပြုရန် အားပေးသင့်သည်။

၁.၅။ အဖွဲ့ဝင်နိုင်ငံများတို့ကို မှတ်တမ်းပြုထားသည့်အမွေအနှစ်အား ဖော်ထုတ်မှု၊ ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ဝင်ရောက်ကြည့်ရှုမှုကို သေချာစေရာတွင် ဆီလျော်သော သင်တန်းပေးခြင်းနှင့် ကျွမ်းကျင်မှုတည်ဆောက်ခြင်းစနစ်များကို ပြုစုရန်ဖိတ်ခေါ်ပါသည်။

## ၂။ မှတ်တမ်းပြုထားသောအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း

၂.၁။ မှတ်တမ်းပြုထားသောအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုသည်မှာ ကြိုတင်ကာကွယ်ခြင်းဆိုင်ရာနှင့် ကုစားခြင်းဆိုင်ရာ မည်သည့်သဘောသဘာဝရှိသော နည်းစနစ်များ၊ အရေးယူဆောင်ရွက်မှုများ၊ လုပ်ငန်းစဉ်များနှင့် နည်းပညာများတို့ကို ထိုမှတ်တမ်းများတို့နှင့် ၄င်းတို့အထဲတွင်ပါသော သတင်းအချက်အလက်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းအားရည်ရွယ်ပြီး ဝန်းရံပေးခြင်းကိုဆိုလိုသည်။

၂.၂။ ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ကိန်းဂဏန်းနေရာတွင် အရုပ်ပုံအစားထိုးထားသောစနစ်နှင့် ဒစ်ဂျစ်တယ်စနစ်ဖြင့်ရှိနေသည့် အရာဝတ္ထုနှစ်မျိုးစလုံးတို့ကို စီမံခန့်ခွဲမှုအားလိုအပ်နေသည့် ဆက်တိုက်လုပ်ဆောင်ရသောဖြစ်စဉ်တစ်ခုဖြစ်ပြီး ပညာသင်ဆုပေးခြင်း၊ နည်းပညာနှင့် သိပ္ပံတို့အားဖြင့် တိုးတက်စေနိုင်သည်။ ကိန်းဂဏန်းနေရာတွင် အရုပ်ပုံအစားထိုးထားသောစနစ်ဖြင့် သယ်ဆောင်သောအရာများကို စစ်မှန်သောမူရင်းများ၊ အနုပညာလက်ရာများ သို့မဟုတ် သတင်းအချက်အလက်ပါရှိသော အရာများအဖြစ် တန်ဖိုးဆက်လက်တည်ရှိနေသည့်နေရာတွင် ထိန်းသိမ်းထားသင့်သည်။ ဒစ်ဂျစ်တယ်မှတ်တမ်းများတွင်မူ ဖန်တီးမှုနှင့် ရယူမှုမပြုလုပ်မီတွင် ဆက်လက်စီမံခန့်ခွဲမှုကို ထိရောက်စေရန်၊ ကုန်ကျစရိတ်ကိုလျှော့ချရန်နှင့် ပတ်သက်နေသည့် အန္တရာယ်များကို တော်လျော်စွာစီမံခန့်ခွဲနိုင်ရန်အတွက် အရေးယူဆောင်ရွက်မှုနှင့် ကြားဖြတ်ဆောင်ရွက်မှုများတို့ကို လုပ်ဆောင်သင့်သည်။ ပူးပေါင်းဆောင်ရွက်မှုကို အစိုးရအဖွဲ့များ၊ မှတ်တမ်းဆိုင်ရာအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍများတို့ကြားတွင် ပိုမိုအားပေးသင့်သည်။

၂.၃။ ကြိုတင်ကာကွယ်ခြင်းအတွက် လုပ်ငန်းစဉ်များတို့ကို မီအောင်လုပ်ဆောင်ရာတွင် ဂုဏ်သိက္ခာ၊ စစ်မှန်မှုနှင့် ယုံကြည်စိတ်ချရမှုတို့သည် လမ်းညွှန်စည်းမျဉ်းများဖြစ်သင့်သည်။ ကျစ်လစ်ခိုင်မာသော လုပ်ငန်းစဉ်များနှင့် လုပ်ဆောင်ချက်များနှင့် အကြံပြုထောက်ခံချက်များ၊ လမ်းညွှန်ချက်များ၊ အကောင်းဆုံးကျင့်ထုံးများနှင့် မှတ်တမ်းပြုအဖွဲ့အစည်းများတို့က ပြုစုထားသည့် သို့မဟုတ် ပံ့ပိုးထားသည့် စံချိန်စံညွှန်းများတို့သည် အပြည်ပြည်ဆိုင်ရာအဆင့်တရားဝင်ဖြစ်စေခြင်းနောက်တွင် လိုက်ပါလာသင့်သည်။ ကမ္ဘာ့အမွေအနှစ်မှတ်တမ်းအစီအစဉ်သည် စံနှုန်းများတို့ကိုမြှင့်တင်ရန်နှင့် အကောင်းဆုံးကျင့်ထုံးများတို့ကို မျှဝေပေးရန် အခွင့်အကျင်းတစ်ခုကို ပေးသင့်သည်။

၂.၄။ အဖွဲ့ဝင်နိုင်ငံများတို့သည် အသိသတိရှိမှုမြှင့်တင်ခြင်းကို ပြုစုပျိုးထောင်ရန်နှင့် ကျွမ်းကျင်မှုတည်ဆောက်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့် သုတေသနလုပ်ငန်းများမြှင့်တင်ခြင်းကဲ့သို့ပင် မှတ်တမ်းပြုထားသောအမွေအနှစ်ဆိုင်ရာ ကျွမ်းကျင်သူများတို့အား လေ့ကျင့်ပေးခြင်းနှင့် ထိုအတွက် အဆောင်အယောင်များ ပံ့ပိုးပေးခြင်းတို့အပါအဝင် ထိန်းသိမ်းစောင့်ရှောက်ခြင်းအတွက် အဓိကကျသောအစိတ်အပိုင်းတစ်ခုအဖြစ် စည်းမျဉ်းများတို့ကို ပြုစုပျိုးထောင်ရန် အားပေးတိုက်တွန်းထားသည်။ ၄င်းတို့သည် ပြတိုက်စောင့်ရှောက်ခြင်းဆိုင်ရာ အကောင်းဆုံးကျင့်ထုံးများ၊ လက်ရှိနှင့် ထွက်ပေါ်လာမည့် နည်းပညာများ၊ ကွင်းဆင်းအရည်အချင်းများနှင့် တော်လျော်သောပညာသင်ယူမှု၊ သိပ္ပံ၊ နည်းပညာနှင့် အင်ဂျင်နီယာပညာတို့အတွက် အဓိကကျွမ်းကျင်မှုများတို့ကို လက်ခံကျင့်သုံးခြင်းအားဖြင့် တသမတ်တည်းပြောင်းလဲနေသည့် ပတ်ဝန်းကျင်တစ်ခုတွင် အချိန်မီထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်၏ အရေးပေါ်ဖြစ်မှုအတွက် အသိသတိရှိမှုကို မြှင့်တင်ပေးခြင်းကိုလည်း လက်ခံကျင့်သုံးနိုင်သည်။

၂.၅။ မှတ်တမ်းပြုထားသောအမွေအနှစ်၏ မည်သည့်အစိတ်အပိုင်းပေါ်တွင်မဆို ဖြစ်နိုင်သည့်တရားဝင်ကန့်သတ်ချက်များ တည်ရှိနေမှုသည် မှတ်တမ်းဆိုင်ရာအဖွဲ့အစည်းများတို့က ထိန်းသိမ်းစောင့်ရှောက်ရေးဆောင်ရွက်ချက်များလုပ်ဆောင်ရန် တတ်စွမ်းနိုင်မှုကို တားမြစ်ခြင်း သို့မဟုတ် ကန့်သတ်ခြင်း မဖြစ်စေရပါ။ အဖွဲ့ဝင်နိုင်ငံများတို့သည် ထိုအကြံပြုထောက်ခံချက်ကို အကောင်အထည်ဖော်စဉ်တွင်လည်းကောင်း၊ သူတို့၏ သက်ဆိုင်ရာပြည်တွင်းတရားဝင်သတ်မှတ်မှုကို အချိန်နှင့်တပြေးညီ ပြုလုပ်ခြင်းမှတဆင့်လည်းကောင်း ထည့်သွင်းစဉ်းစားသုံးသပ်မှုပြုရန် ဖိတ်ခေါ်ပါသည်။

၂.၆။ သူတို့၏ မှတ်တမ်းဆိုင်ရာအဖွဲ့အစည်းများတို့တွင် အခြားသောနိုင်ငံများ၌အစပြုသော သို့မဟုတ် အခြားသောနိုင်ငံများနှင့်သက်ဆိုင်သော စုဆောင်းမှုများကို ထိန်းသိမ်းထားသည့် အဖွဲ့ဝင်နိုင်ငံများတို့သည် ထိုသို့သောအမွေအနှစ်၏ ဒစ်ဂျစ်တယ်အစီအစဉ်များနှင့် မိတ္တူများတို့ကို သက်ဆိုင်ရာနိုင်ငံများသို့ မျှဝေပေးရန် တိုက်တွန်းပါသည်။

၂.၇။ အဖွဲ့ဝင်နိုင်ငံများတို့သည် မှတ်တမ်းဆိုင်ရာအဖွဲ့အစည်းများတို့ရှိ အကောင်းဆုံးသောကျင့်ထုံးများနှင့် ပေါင်းနွှမ်းသွားခြင်းနှင့် မှတ်တမ်းများ ခိုးယူခံရခြင်းကဲ့သို့သော ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအပါအဝင် ထိန်းသိမ်းစောင့်ရှောက်မှုတွင်လည်းကောင်း၊ တော်လျော်သော နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦတွင် ရင်းနှီးမြှုပ်နှံမှုတွင်လည်းကောင်း တည်ကြည်ခိုင်မာမှုကို အားပေးသင့်ပါသည်။ ထိုသို့ပြုခြင်းတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် မှတ်တမ်းဆိုင်ရာ အဖွဲ့အစည်းများကြားတွင် သူတို့၏ရှိနှင့်သော အခန်းကဏ္ဍများ၊ အားသာချက်များနှင့် ဝတ္တရားများကို အခြေခံပြီး တာဝန်ခွဲဝေယူမှုတို့ ပါဝင်နိုင်ပါသည်။

၂.၈။ အဖွဲ့ဝင်နိုင်ငံများတို့သည် ထိန်းသိမ်းစောင့်ရှောက်မှုအတွက် အပြည်ပြည်ဆိုင်ရာစံနှုန်းများအား ပြုစုပျိုးထောင်မှုတွင် မှတ်တမ်းဆိုင်ရာအဖွဲ့အစည်းများတို့၏ပါဝင်မှုကို ထောက်ပံ့ပေးရန်တိုက်တွန်းပါသည်။ အဖွဲ့ဝင်နိုင်ငံများတို့သည် မှတ်တမ်းဆိုင်ရာ အဖွဲ့အစည်းများတို့ကို သူတို့၏နည်းပညာပိုင်းဆိုင်ရာအသိပညာကို တိုးမြှင့်ရန်နှင့် မျှဝေရန်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာစံနှုန်းများ ဆက်တိုက်ဖွံ့ဖြိုးတိုးတက်မှုသို့ ပံ့ပိုးထည့်ဝင်ရာတွင်လည်းကောင်း သင့်လျော်သော ကျွမ်းကျင်သူအသင်းအဖွဲ့များနှင့် ချိတ်ဆက်ပေးရန် အားပေးတိုက်တွန်းပါသည်။

၂.၉။ အဖွဲ့ဝင်နိုင်ငံများတို့သည် ဒစ်ဂျစ်တယ်စနစ်ဖြင့်ထိန်းသိမ်းခြင်းအတွက် ပညာရေးဆိုင်ရာ သင်ရိုးများတို့၏ ဖွံ့ဖြိုးတိုးတက်မှုအပြင် နိုင်ငံအဆင့်၊ ဒေသတွင်းအဆင့်နှင့် အပြည်ပြည်ဆိုင်ရာအဆင့်များတွင် ကမ္ဘာ့အမွေအနှစ်မှတ်တမ်းအစီအစဉ်၏ ပိုမိုထိရောက်မှုရှိသော အကောင်အထည်ဖော်မှုအတွက်လည်းကောင်း၊ အကောင်းဆုံးကျင့်ထုံးပုံစံများတို့ကိုအခြေခံပြီး ယူနက်စကိုအဖွဲ့ဝင်နိုင်ငံများအကြားတွင် အတွေ့အကြုံဖလှယ်မှုများကို မြှင့်တင်ရန်အတွက်လည်းကောင်း ပံ့ပိုးကူညီရန် ဖိတ်ခေါ်ပါသည်။

## ၃။ မှတ်တမ်းပြုထားသောအမွေအနှစ်ကို ဝင်ရောက်ကြည့်ရှုလေ့လာနိုင်မှု

၃.၁။ ရွေးချယ်ထားသည့်အရာဝတ္ထု၏ အပိုင်းအဆနှင့် ၎င်းကိုထိန်းသိမ်းစောင့်ရှောက်သည့်နည်းလမ်းတွင် လူထု၏ယုံကြည်မှုကို ထိန်းထားနိုင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများတို့ကို မှတ်တမ်းဆိုင်ရာအဖွဲ့အစည်းများအတွက် ဆီလျော်သည့်တရားဝင်မူဘောင် ပံ့ပိုးပေးရန်နှင့် မှတ်တမ်းပြုထားသည့် အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ဝင်ရောက်ကြည့်ရှုခွင့်တွင် သူတို့လိုအပ်သည့် လွတ်လပ်ခွင့်ကိုအာမခံပေးနိုင်ရန် တိုက်တွန်းအားပေးပါသည်။ ဝင်ရောက်ကြည့်ရှုခွင့်ပေးခြင်းသည် ထိန်းသိမ်းစောင့်ရှောက်ခြင်းအတွက် မြင်ရသောအထောက်အထားနှင့် လူထု၏ဆုံးဖြတ်ချက်ပင်ဖြစ်သည်။

၃.၂။ မှတ်တမ်းဆိုင်ရာအဖွဲ့အစည်းများတို့ကို တိကျပြီးခေတ်မီသော အမျိုးအစားအလိုက်ခွဲခြားဖော်ပြသည့်စာရင်းများနှင့် ရှာဖွေရေးအကူအညီများ၊ သုတေသနအတွက် လိုအပ်ပါက မူရင်းမှတ်တမ်းပြုထားသောအမွေအနှစ်များတို့ကို တစ်ဦးချင်းညီမျှသော ဝင်ရောက်ကြည့်ရှုခွင့်ဝန်ဆောင်မှုများပေးရန်၊ အပြည်ပြည်ဆိုင်ရာ အကောင်းဆုံးကျင့်ထုံးစံနှုန်းများကို အသုံးပြုထားသည့် အင်တာနက်နှင့် ဝက်ဘ်အခြေပြုထုတ်ဝေမှုများနှင့် ဝင်ပေါက်များ၊ အီလက်ထရွန်နစ်နှင့် ဒစ်ဂျစ်တယ်စနစ်ပြုထားသည့် အကြောင်းအရာများအတွက် အဖွဲ့ဝင်နိုင်ငံများတို့သည် မှတ်တမ်းပြုထားသည့်အမွေအနှစ်များအား အားလုံးပါဝင်သည့် ဝင်ရောက်ကြည့်ရှုခွင့်နှင့် အသုံးပြုခွင့် အမြင့်မားဆုံးအထိ မြှင့်တင်ရန်နှင့် လွယ်ကူချောမွေ့စေရန် တိုက်တွန်းပါသည်။ အဖွဲ့ဝင်နိုင်ငံများတို့သည် အပြန်အလှန်လုပ်ငန်းလည်ပတ်လုပ်ဆောင်နိုင်မှုကို ထောက်ပံ့ပေးသည့် အသိအမှတ်ပြုထားသောစံနှုန်းများကိုအသုံးပြုပြီး ဝင်ရောက်ကြည့်ရှုခွင့်နှင့် အသုံးပြုခွင့်အတွက် အပြည်ပြည်ဆိုင်ရာစံနှုန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် မှတ်တမ်းဆိုင်ရာ အဖွဲ့အစည်းများတို့ကို ပံ့ပိုးရန် ထပ်မံတိုက်တွန်းပါသည်။ ဖြစ်နိုင်သည့်အချိန်တိုင်းတွင် အကြောင်းအရာများတို့သည် စက်ဖြင့် ဖတ်နိုင်သော၊ ချိတ်ဆက်နိုင်သော ပုံစံချမှတ်ထားသင့်ပါသည်။

၃.၃။ မှတ်တမ်းပြုထားသောအမွေအနှစ်များကို ဝင်ရောက်ကြည့်ရှုခွင့်ပေးခြင်းအတွက် အခွင့်အလမ်းများသည် သတင်းအချက်အလက်နှင့် အပြန်အလှန်ဆက်သွယ်ရေး နည်းပညာများကြီးထွားတိုးတက်လာမှုမှလည်းကောင်း၊ မှတ်တမ်းဆိုင်ရာအဖွဲ့အစည်းများနှင့် သူတို့၏တွဲဘက်အဖွဲ့အစည်းများအကြားတွင် အပြည်ပြည်ဆိုင်ရာကွန်ယက်၏ ဖွံ့ဖြိုးတိုးတက်လာမှုမှလည်းကောင်း တိုးပွားလျက်ရှိပါသည်။ အဖွဲ့ဝင်နိုင်ငံများတို့သည် ပြပွဲများ၊ နယ်လှည့်တင်ဆက်မှုများ၊ ရေဒီယိုနှင့် တီဗွီအစီအစဉ်များ၊ ပုံနှိပ်ထုတ်ဝေမှုများ၊ လူသုံးကုန်ပစ္စည်းများ၊ အွန်လိုင်းမှ တိုက်ရိုက်ဆက်သွယ်ခြင်း၊ လူမှုမီဒီယာ၊ ပို့ချချက်များ၊ ပညာရေးဆိုင်ရာအစီအစဉ်များ၊ အထူးအခမ်းအနားများနှင့် ဒေါင်းလုဒ်ပြုလုပ်ရန်အတွက် အကြောင်းအရာများကို ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းခြင်းတို့ အပါအဝင် ကမ်းလှမ်းထိတွေ့မှုအစီအစဉ်များ၏ ဖွံ့ဖြိုးတိုးတက်မှုကို အားပေးပြီး တိုက်တွန်းရမည်။

၃.၄။ မှတ်တမ်းပြုထားသည့်အမွေအနှစ်များကို ဝင်ရောက်ကြည့်ရှုခွင့်အတွက် အစီအစဉ်များတို့ကို အများပြည်သူနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများအားဖြင့် လွယ်ကူချောမွေ့စေနိုင်ပါသည်။ အကယ်၍ သူတို့သည် တာဝန်ယူတတ်ပြီး ညီမျှမှုရှိပါက အဖွဲ့ဝင်နိုင်ငံများတို့ကို ထိုသို့သောအစီအမံများအားအားပေးတိုက်တွန်းရန် ဖိတ်ခေါ်ပါသည်။

၃.၅။ သီးသန့်လွတ်လပ်ခွင့်၊ လူသားဘဝဘေးကင်းရေး၊ လုံခြုံရေး၊ လျှို့ဝှက်ထိန်းသိမ်းထားမှု သို့မဟုတ် အခြားသောဥပဒေရေး ရာအကြောင်းရင်းများကို အကာအကွယ်ပေးရန်အတွက် မှတ်တမ်းပြုထားသောအမွေအနှစ်များကို ဝင်ရောက်ကြည့်ရှုခွင့်ကို ကန့်သတ်မှုများပြုလုပ်ရန်လိုအပ်သောအချိန်တွင် ၎င်းတို့ကို ရှင်းလင်းစွာအဓိပ္ပါယ်ဖွင့်ပြီး အချိန်ကာလအကန့်အသတ်တစ်ခုစာ သတ်မှတ်ရပါမည်။ ၎င်းတို့ကို နိုင်ငံ၏ဆီလျော်သောဥပဒေ သို့မဟုတ် စည်းမျဉ်းအားဖြင့် ထိုသို့သောဆုံးဖြတ်ချက်များတို့ကို ဆန့်ကျင်သော အယူခံဝင်မှုများအတွက် နည်းစနစ်ကို ထည့်သွင်းခြင်းအားဖြင့် ထောက်မပံ့ပိုးရမည်။

၃.၆။ မှတ်တမ်းပြုထားသောအမွေအနှစ်ကို ဝင်ရောက်ကြည့်ရှုခွင့်အပေါ် သက်ရောက်မှုရှိသည့် ဥပဒေရေးရာသတ်မှတ်ချက်အသစ်တစ်ရပ်ကို ခေတ်နှင့်အညီဖြစ်စေခြင်း သို့မဟုတ် အသက်ဝင်စေခြင်းပြုသောအချိန်တွင် အဖွဲ့ဝင်နိုင်ငံများတို့သည် အခွင့်အရေးကို လက်ကိုင်ပြုထားခွင့်ရှိသူတို့၏ တရားဝင်အကျိုးကျေးဇူးကိုလေးစားလျက် ထိုသို့သောဝင်ရောက်ကြည့်ရှုခွင့်ကို အမြင့်မားဆုံးဖြစ်စေရန်လိုအပ်ချက်ကို ထည့်သွင်းစဉ်းစားသင့်သည်။ အဖွဲ့ဝင်နိုင်ငံများတို့သည် မှတ်တမ်းပြုထားသည့်အမွေအနှစ်တစ်ခုကို မျှဝေထားသည့်နိုင်ငံများသို့ အများပြည်သူဝင်ရောက်ကြည့်ရှုခွင့်ကို ကမ်းလှမ်းပေးရန် အားပေးတိုက်တွန်းပါသည်။

၃.၇။ အဖွဲ့ဝင်နိုင်ငံများတို့သည် ယခုအခါ ၎င်း၏အဓိကအစိတ်အပိုင်းတစ်ခုဖြစ်နေသော ဝင်ရောက်ကြည့်ရှုခွင့်ဟူသော အကြောင်းအတွက် အကြောင်းအရာများကို ဒစ်ဂျစ်တယ်စနစ်ပြုခြင်းတွင် ရင်းနှီးမြှုပ်နှံမှုဖြင့် သင့်လျော်သလို ကမ္ဘာ့အမွေအနှစ်မှတ်တမ်းအစီအစဉ်၏ ပြန်ပသို့ ကမ်းလှမ်းထိတွေ့သည့်ဆောင်ရွက်မှုများနှင့် ပုံနှိပ်ထုတ်ဝေမှုများမှတစ်ဆင့် သူတို့၏ မှတ်တမ်းပြုထားသောအမွေအနှစ်၏ မြင်သာထင်သာရှိမှုနှင့် ဝင်ရောက်ကြည့်ရှုနိုင်မှုကို တိုးမြှင့်ရန်အတွက် ဖိတ်ခေါ်ပါသည်။ အဖွဲ့ဝင်နိုင်ငံများတို့သည် အများပြည်သူဆိုင်ရာနေရာ ဝင်ရောက်ကြည့်ရှုခွင့်ကိုပံ့ပိုးပြီး မြှင့်တင်ပေးသင်သည့်အပြင် ဖြစ်နိုင်သည့်နေရာတိုင်းတွင် အများပြည်သူဆိုင်ရာ လိုင်စင်သတ်မှတ်ပေးခြင်းနှင့် ဖွင့်ထားသောဝင်ရောက်ကြည့်ရှုခွင့်ဆိုင်ရာ ဖြေရှင်းချက်များတို့ကို အားပေး တိုက်တွန်းသင့်ပါသည်။

## ၄။ မူဝါဒအတိုင်းအဆများ

၄.၁။ အဖွဲ့ဝင်နိုင်ငံများတို့သည် သူတို့၏မှတ်တမ်းပြုထားသောအမွေအနှစ်ကို တန်ဖိုးမဖြတ်နိုင်သော ပိုင်ဆိုင်မှုတစ်ခုအဖြစ် မှတ်ယူရန်နှင့် ထိုအမြင်ရှုထောင့်ကို နိုင်ငံအဆင့် တရားဝင်စာရင်းသွင်းခြင်း၊ ဖွံ့ဖြိုးရေးမူဝါဒများနှင့် အစီအစဉ်များတို့တွင် ဆက်စပ်အသုံးချရန် တိုက်တွန်းပါသည်။ ကိန်းဂဏန်းကို ရုပ်ပုံဖြင့်အစားထိုးထားသောစနစ် ပုံစံဖြင့်လည်းကောင်း၊ ဒစ်ဂျစ်တယ်ဆက်သွယ်မှုများနှင့် ကျွမ်းကျင်မှုများတွင်လည်းကောင်း ရှိနေသည့်မတူညီသောမူရင်းပုံစံအသီးသီးတို့ကို ထိန်းသိမ်းစောင့်ရှောက်ပြီး မှတ်တမ်းဆိုင်ရာအဖွဲ့အစည်းများတို့ကို လုံလောက်စွာချီးမြှောက်ရန် ထပ်မံတိုက်တွန်းအားပေးပါသည်။

၄.၂။ တစ်ချိန်တည်းမှာပင် သူတို့၏နိုင်ငံအလိုက်အမွေအနှစ်ဆိုင်ရာစည်းမျဉ်းများဟူသော နောက်ခံအကြောင်းအရာတွင် အဖွဲ့ဝင်နိုင်ငံများသည် ဆက်သွယ်ရေး၏ လက်တွေ့ကျင့်သုံးနိုင်မှုကိုကျော်လွန်ပြီး မှတ်တမ်းဆိုင်ရာအဖွဲ့အစည်းများတို့၏ လိုအပ်ချက်များအတွက် အပြည်ပြည်ဆိုင်ရာ အမြင်တစ်ခုဖြင့် ကြည့်ရန်နှင့် သင့်တင့်သောပူးပေါင်းဆောင်ရွက်မှုနှင့် မျှဝေထားသော အဆောင်အယောင်များ၊ လုပ်ငန်းစဉ်များနှင့် ဝန်ဆောင်မှုများကို ဖော်ဆောင်ရာတွင် အခြားသောအဖွဲ့အစည်းများနှင့် စရိတ်မျှခံခြင်းကို ထောက်ခံအားပေးရန်အတွက် တိုက်တွန်းပါသည်။

၄.၃။ အဖိုးထိုက်တန်သော စုဆောင်းမှုများ လက်ဝယ်ရှိထားသည့် ပုဂ္ဂလိကနှင့် နယ်ခံအဖွဲ့အစည်းများနှင့် တစ်သီးပုဂ္ဂလများတို့သည် အများပြည်သူတို့၏ အားပေးမှုနှင့် ထောက်ခံမှုအပြင် နိုင်ငံအဆင့်လမ်းညွှန်များတွင် လုံလောက်သောမြင်သာမှုတို့ကို လိုအပ်ပါသည်။

၄.၄။ အဖွဲ့ဝင်နိုင်ငံများတို့သည် မှတ်တမ်းပြုထားသည့်အမွေအနှစ်နှင့် အများပြည်သူပိုင်နေရာတွင် တည်ရှိနေမှုအကြောင်း ပညာရေးနှင့် သုတေသနဆိုင်ရာ ပုံစံအသစ်များနှင့် နည်းလမ်းအသစ်များတို့၏ ဖွံ့ဖြိုးတိုးတက်မှုကို အားပေးခြင်းအားဖြင့် ဝင်ရောက်ကြည့်ရှုနိုင်ခွင့်ကို တိုးမြှင့်သင့်သည်။

၄.၅။ တရားဝင်ပြုမှုနှင့် မူဝါဒမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများတို့သည် အများပါဝင်ဆုံးဖြတ်နိုင်သည့် နည်းလမ်းတစ်ခု၊ မှတ်တမ်းဆိုင်ရာ အဖွဲ့အစည်းများတို့ကို ပံ့ပိုးပေးမည့် စရိတ်ကျခံသူများ၊ ဖောင်ဒေးရှင်းများနှင့် အခြားသောပြင်ပအဖွဲ့အစည်းများသို့ အကျိုးအမြတ်ကိုပေးနိုင်သော တည်ငြိမ်ပြီး တတ်စွမ်းနိုင်စေသည့် ဝန်းကျင်တစ်ခုကိုဖန်တီးရန်နှင့် ၎င်းအဖွဲ့အစည်းများတို့နှင့်အတူ လူထုကစိတ်ဝင်စားနေသည့် မှတ်တမ်းပြုထားသည့်အမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဝင်ရောက်ကြည့်ရှုခြင်းနှင့် အသုံးပြုခြင်းတို့ကို အားပေးတိုက်တွန်းပါသည်။

၄.၆။ အဖွဲ့ဝင်နိုင်ငံများတို့သည် မူပိုင်ခွင့်စကားဝှက်များနှင့် တရားဝင်ငွေအပ်နှံမှုစနစ်များတို့သည် ၎င်း၏ ပုံစံပေါင်းစုံတို့ဖြင့်ရှိနေသည့် မှတ်တမ်းပြုထားသည့် အမွေအနှစ်များတို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းတွင် အပြည့်အဝထိရောက်မှုရှိနေကြောင်းသေချာစေရန် မူပိုင်ခွင့်စကားဝှက်များနှင့် တရားဝင်ငွေအပ်နှံမှု စနစ်များတို့ကို အချိန်ကာလအလိုက်ပြန်လည်သုံးသပ်ရန် တိုက်တွန်းပါသည်။ ထိရောက်မှုကို တရားဝင်ဖြစ်စေခြင်းကို အားဖြည့်ခြင်းနှင့် ညီညွတ်စေခြင်းတို့မှ ကောင်းကျိုးခံစားရပါလိမ့်မည်။

၄.၇။ မှတ်တမ်းပြုထားသော အမွေအနှစ်များတို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ဝင်ရောက်အသုံးပြုခြင်းသည် မူပိုင်ခွင့်ချွင်းချက်များတို့နှင့် အကျုံးမဝင်သည့် ဆော့ဖ်တ်ဝဲရ် သို့မဟုတ် ပိုင်ဆိုင်မှုဆိုင်ရာ နည်းပညာကို အသုံးပြုရန် လိုအပ်လာသောအချိန်တွင် အဖွဲ့ဝင်နိုင်ငံများတို့သည် ပိုင်ဆိုင်မှုဆိုင်ရာ စကားဝှက်များ၊ အဖြေများနှင့် ထိုနည်းပညာကို အကျိုးအမြတ်အတွက်မဟုတ်သောသဘောဖြင့် ပြန်ဖွင့်ခြင်းကို လွယ်ကူချောမွေ့စေရန် လုပ်ဆောင်ပေးရန်အတွက် ဖိတ်ခေါ်ပါသည်။

၄.၈။ အချက်အလက်ကို အကောင်းဆုံးနည်းလမ်းဖြင့် ဖလှယ်နိုင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများတို့သည် အပြည်ပြည်ဆိုင်ရာက အသိအမှတ်ပြုထားသည့် ဖွင့်ထားသော အရင်းအမြစ်ဆော့ဖ်တ်ဝဲရ်ကို ပြုစုရေးသားရန်နှင့် အသုံးပြုရန်လည်းကောင်း၊ ဒစ်ဂျစ်တယ်မှတ်တမ်းပြုထားသောအမွေအနှစ်အတွက် အကန့်အသတ်များစံနှုန်းသတ်မှတ်ရန်လည်းကောင်း၊ ပိုင်ဆိုင်မှုဆိုင်ရာ နည်းပညာများမှ အချက်အလက်များနှင့်အကြောင်းအရာမှာ ထုတ်ယူခြင်းတွင် ဆော့ဖ်တ်ဝဲရ်နှင့် ဟာ့ဒ်ဝဲရ်ရေးသားပြုစုသူများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ရရှိအောင်ကြိုးပမ်းရန်လည်းကောင်း တိုက်တွန်းအားပေးသင့်ပါသည်။ ထိုနည်းတူစွာပင် သူတို့၏မှတ်တမ်းဆိုင်ရာအဖွဲ့အစည်းများသည် အမျိုးအစားအလိုက်ခွဲခြားပြီး ဖော်ပြထားသည့် မှတ်တမ်းများပြုစုခြင်း နည်းလမ်းများနှင့် စံနှုန်းများအတွက် အပြည်ပြည်ဆိုင်ရာ အဆင့်သတ်မှတ်မှုနှင့် အပြန်အလှန်ဖလှယ်နိုင်မှုအတွက် ရည်မှန်းထားသင့်ပါသည်။

၄.၉။ အဖွဲ့ဝင်နိုင်ငံများတို့သည် ကမ္ဘာ့အမွေအနှစ်မှတ်တမ်း မှတ်ပုံတင်စာရင်းများတွင် စာရင်းရေးသွင်းခြင်းခံရသော မှတ်တမ်းပြုထားသည့် အမွေအနှစ်များ၏အခြေအနေကို ဆက်တိုက်စောင့်ကြည့်ခြင်းအပါအဝင် မှတ်တမ်းပြုထားသောအမွေအနှစ်ကို သက်ရောက်စေသော မူဝါဒများနှင့် ကနဦးလုပ်ဆောင်ချက်များတို့ကို ပံ့ပိုးရန်နှင့် ပြုစုရန်ဖိတ်ခေါ်ပါသည်။

၄.၁၀။ အဖွဲ့ဝင်နိုင်ငံများတို့သည် ကမ္ဘာ့အမွေအနှစ်မှတ်တမ်းအစီအစဉ်နှင့် အခြားသောအမွေအနှစ်ဆိုင်ရာ အစီအစဉ်များတို့ကို ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မှုများကို အာမခံနိုင်စေရန်အတွက် တစ်ချိန်တည်းတွင် တပြိုင်တည်းအလုပ်လုပ်နိုင်မှုများကို တည်ဆောက်ခြင်းအား ထည့်ဝင်ပံ့ပိုးရန် တိုက်တွန်းအားပေးပါသည်။

## ၅။ နိုင်ငံအဆင့်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု

၅.၁။ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်ဖလှယ်မှုများကို မှတ်တမ်းပြုထားသော အမွေအနှစ်များအား သုတေသနပြုခြင်း၊ အကာအကွယ်ပေးခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းကို အထောက်အကူပေးရန် လူ့စွမ်းအားနှင့် စာအုပ်စာတမ်းအရင်းအမြစ်များတို့ကို စုပေါင်းထည့်ဝင်ခြင်းမှတဆင့် ခိုင်ခန့်စေရန်လိုအပ်ချက်ကို ရှေ့ရှုလျက် အဖွဲ့ဝင်နိုင်ငံများတို့သည် သုတေသနအချက်အလက်များ၊ ပုံနှိပ်ထုတ်ဝေမှုများနှင့် သတင်းအချက်အလက်များဖလှယ်ခြင်းကိုလည်းကောင်း၊ သင်တန်းပေးခြင်းနှင့် ကျွမ်းကျင်ဝန်ထမ်းများနှင့် အထူးပြုကိရိယာများဖလှယ်ခြင်းကိုလည်းကောင်း ပံ့ပိုးကူညီသင့်ပါသည်။ သူတို့သည် အစည်းအဝေးပွဲများ၊ လေ့လာသင်ယူရန် သင်ခန်းစာများနှင့် အမျိုးအစားခွဲခြားတင်ပြသော စာရင်းစာအုပ်များ ပြုစုခြင်း၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှု၊ ပျောက်ဆုံးပျက်စီးသွားနိုင်ချေရှိသည့် မှတ်တမ်းပြုထားသောအမွေအနှစ်များနှင့် ခေတ်မီသုတေသနတို့ကဲ့သို့သော အကြောင်းအရာများအတွက် လုပ်ငန်းအဖွဲ့များတို့ကို စုစည်းစီမံခြင်းကို မြှင့်တင်သင့်သည်။

၅.၂။ အဖွဲ့ဝင်နိုင်ငံများတို့သည် နှစ်ဦးဖက်စပ် သို့မဟုတ် အများစုပေါင်းလုပ်ဆောင်သည့် သုတေသနစီမံကိန်းများနှင့် ထုတ်ဝေရေးလမ်းညွှန်များကိုလည်းကောင်း၊ မူဝါဒများနှင့် အကောင်းဆုံးကျင့်ထုံးပုံစံများကိုလည်းကောင်း အကောင်အထည်ဖော်ခြင်းဟူသောအမြင်ဖြင့် မှတ်တမ်းပြုထားသော အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဝင်ရောက်ကြည့်ရှုခွင့်ပေးခြင်းနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းကျွမ်းကျင်သူအသင်းအဖွဲ့များ၊ အသိုင်းအဝိုင်းများနှင့် အဖွဲ့အစည်းများတို့နှင့် ပူးပေါင်းဆောင်ရွက်မှုကို အားပေးတိုက်တွန်းသည်။

၅.၃။ အဖွဲ့ဝင်နိုင်ငံများတို့ကို သူတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ မျှဝေထားသောသမိုင်းကြောင်း သို့မဟုတ် အမွေအနှစ်နှင့် အခြားသတ်မှတ်ထားသည့် မှတ်တမ်းပြုထားသော အမွေအနှစ်နှင့်ဆက်စပ်နေသည့် မှတ်တမ်းပြုထားသောအမွေအနှစ်များ၏ မိတ္တူများ၏ နိုင်ငံများအချင်းချင်းဖလှယ်မှုတွင်ဖြစ်စေ၊ သူတို့၏ မျှဝေခံစားရပြီး ရောယှက်နေသည့် သမိုင်းကြောင်းဆိုင်ရာ သဘောသဘာဝကြောင့်ဖြစ်ပေါ်လာသော သင့်လျော်သည်ဆိုပါက အခြားသောနိုင်ငံတစ်ခုတွင် ထိန်းသိမ်းစောင့်ရှောက်ထားသည့် အရာဖြစ်နေသော ပြန့်ကျဲနေသည့်မူရင်းမှတ်တမ်းများ ပြန်လည်စုစည်းမှုအတွက် မူဘောင်တွင် လွယ်ကူချောမွေ့စေရန် ဖိတ်ခေါ်ပါသည်။ မိတ္တူများဖလှယ်ခြင်းသည် မူရင်းများ၏ ပိုင်ဆိုင်မှုအပေါ် မည်သည့်သက်ရောက်မှုမျှရှိလိမ့်မည်မဟုတ်ပါ။

၅.၄။ သူတို့၏အကောင်းဆုံးအရည်အချင်းဖြင့် အဖွဲ့ဝင်နိုင်ငံများတို့သည် သူတို့၏မှတ်တမ်းပြုထားသောအမွေအနှစ်များကို လက်နက်ကိုင်တိုက်ပွဲများကြောင့်ဖြစ်ပေါ်လာသော ဘေးအန္တရာယ်များအပါအဝင်၊ ၎င်းနှင့်ထိတွေ့နေရသည့် လူသားနှင့်သဘာဝဘေးအန္တရာယ်များကျရောက်မှုအားလုံးတို့မှ ကာကွယ်ထိန်းသိမ်းရန် သင့်လျော်သောလုပ်ဆောင်ချက်မားအားလုံးတို့ကို လုပ်ဆောင်သင့်သည်။ ထိုနည်းတူစွာပင် သူတို့သည် မှတ်တမ်းပြုထားသော အမွေအနှစ်ကို ပျက်စီးစေသော သို့မဟုတ် တန်ဖိုးမေးမှန်စေသော သို့မဟုတ် ၎င်း၏ဖြန့်ဝေမှုနှင့် အသုံးတည့်မှုကို ဟန့်တားသောသဘောရှိသည့် ပြုမူဆောင်ရွက်မှုများကို ရှောင်ကျဉ်သင့်သည်။

၅.၅။ အဖွဲ့ဝင်နိုင်ငံများတို့ကို အခြားသောအဖွဲ့ဝင်နိုင်ငံတစ်ခုက ပြုလုပ်သည့်တောင်းဆိုမှုတစ်ခုနောက်တွင်ပါလာသည့် ဒစ်ဂျစ်တယ်စနစ်ပြုခြင်း သို့မဟုတ် အခြားသောနည်းလမ်းများမှတစ်ဆင့် ပျောက်ဆုံးပျက်စီးတော့မည့် မှတ်တမ်းပြုထားသောအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ရန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွင် ချိတ်ဆက်ပါဝင်ရန် တိုက်တွန်းပါသည်။

၅.၆။ အဖွဲ့ဝင်နိုင်ငံများတို့ကို ဆီလျော်သည်ဟုယူဆရသောအချိန်တွင် ကမ္ဘာ့အမွေအနှစ်မှတ်တမ်းကော်မတီများနှင့် မှတ်ပုံတင်များ ပြုစုခြင်းအားဖြင့် သူတို့၏မှတ်တမ်းဆိုင်ရာ အဖွဲ့အစည်းများမှတစ်ဆင့် ကမ္ဘာ့အမွေအနှစ်မှတ်တမ်းအစီအစဉ်နှင့် သူတို့၏ပူးပေါင်းဆောင်ရွက်မှုကို အားဖြည့်ရန် ဖိတ်ခေါ်ပါသည်။

***

အဖွဲ့ဝင်နိုင်ငံများတို့သည် ဤထောက်ခံအကြံပြုချက်တွင် သတ်မှတ်ထားသည့် စည်းမျဉ်းများ၊ လုပ်ငန်းစဉ်များနှင့် စံနှုန်းများအတိုင်း သူတို့၏သက်ဆိုင်ရာပိုင်နက်များအတွင်း သက်ရောက်မှုဖြစ်ပေါ်စေရန် နိုင်ငံတစ်ခုစီတိုင်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကျင့်ထုံးများနှင့်အံဝင်ခွင်ကျဖြစ်မှုတွင် လိုအပ်နိုင်သော မည်သို့ပင်ဖြစ်စေရှိနေသည့် ဥပဒေရေးရာဖြစ်စေ၊ စည်းမျဉ်းအတိုင်း အဆများဖြစ်စေ၊ အခြားသောအဆင့်များဖြစ်စေတို့ကို လိုက်နာဆောင်ရွက်ခြင်းအားဖြင့် မှတ်တမ်းပြုထားသော အမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ဝင်ရောက်ကြည့်ရှုခွင့်နှင့်သက်ဆိုင်သည့် အထက်ဖော်ပြပါသတ်မှတ်ချက်များတို့ကို လက်တွေ့ကျင့်သုံးရန် ဤအထွေထွေ ညီလာခံက ထောက်ခံအကြံပြုထားပါသည်။

အဖွဲ့ဝင်နိုင်ငံများတို့သည် ဤထောက်ခံအကြံပြုချက်ကို သက်ဆိုင်ရာ အာဏာပိုင်များနှင့် အဖွဲ့အစည်းများတို့က အာရုံစိုက်လာစေရန် လုပ်ဆောင်မည့်အကြောင်း ဤအထွေထွေညီလာခံက ထောက်ခံအကြံပြုထားပါသည်။

အဖွဲ့ဝင်နိုင်ငံများတို့သည် ဤထောက်ခံအကြံပြုချက်ကို အသက်ဝင်စေရန်အတွက် သူတို့လုပ်ဆောင်ခဲ့သည့်ဆောင်ရွက်ချက်အကြောင်းကို ၎င်းကအဆုံးအဖြတ်ပေးထားသည့် ရက်စွဲနှင့် စိတ်နေသဘောထားအားဖြင့် ၎င်းကိုအစီအရင်ခံသင့်ကြောင်း ဤအထွေထွေညီလာခံက ထောက်ခံအကြံပြုထားပါသည်။

## စာကြွင်း

မှတ်တမ်းပြုထားသောအမွေအနှစ်၏ အစိတ်အပိုင်းများတို့ကို အကာအကွယ်ပေးခြင်းအား လွှမ်းခြုံထားသည့်
အပြည်ပြည်ဆိုင်ရာ နည်းစနစ်များ

### ၁။ ယူနက်စကို သဘောတူညီချက်များနှင့် ထောက်ခံအကြံပြုချက်များ

လက်နက်ကိုင်တိုက်ပွဲများဖြစ်ပွားချိန်တွင် ယဉ်ကျေးမှုဆိုင်ရာ ဉစ္စာပစ္စည်းများတို့ကို အကာအကွယ်ပေးရန်အတွက် သဘောတူညီချက် (၁၉၅၄ ခုနှစ်)၊
ယဉ်ကျေးမှုဆိုင်ရာ ဉစ္စာပစ္စည်းကို တရားမဝင် တင်ပို့ခြင်း၊ တင်သွင်းခြင်းနှင့် လက်ပြောင်းလက်လွှဲ လုပ်ခြင်းကို တားဆီးခြင်းနှင့် ကာကွယ်ခြင်း နည်းလမ်းများဆိုင်ရာ သဘောတူညီချက် (၁၉၇၀ ခုနှစ်)၊
ဤကမ္ဘာကြီး၏ ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များ ကာကွယ်စောင့်ရှောက်ခြင်းအတွက် သဘောတူညီချက် (၁၉၇၂ ခုနှစ်)၊
ဤကမ္ဘာကြီး၏ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များ ကာကွယ်စောင့်ရှောက်ခြင်းအတွက် သဘောတူညီချက် (၁၉၇၂ ခုနှစ်)၊
ယဉ်ကျေးမှုဆိုင်ရာဖော်ပြချက်များ၏ အမျိုးကွဲများကို အကာအကွယ်ပေးခြင်းနှင့် မြှင့်တင်ခြင်းအတွက် သဘောတူညီချက် (၂၀၀၅ ခုနှစ်)၊
ရွေ့လျားနေသောရုပ်ပုံများကို ကာကွယ်ပေးခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ပေးခြင်းအတွက် ထောက်ခံအကြံပြုချက် (၁၉၈၀ ခုနှစ်)၊
ဘာသာစကားအမျိုးမျိုးအသုံးပြုမှုနှင့်မြှင့်တင်မှုနှင့် ဆိုင်ဘာနေရာသို့ အပြည်ပြည်ဆိုင်ရာ ဝင်ရောက်အသုံးပြုခွင့်နှင့်စပ်လျဉ်းပြီး ထောက်ခံအကြံပြုချက် (၂၀၀၃ ခုနှစ်)၊
ဒစ်ဂျစ်တယ်အမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ သဘောတူညီချက် (၂၀၀၃ ခုနှစ်)၊

### ၂။ ကြေငြာစာတမ်းများနှင့် အခြားသောမှတ်တမ်းများ

အပြည်ပြည်ဆိုင်ရာ မှတ်တမ်းစဉ်များကောင်စီ (ICA) ကလက်ခံပြီး ယူနက်စကို၏ ၃၆ ကြိမ်မြောက် အထွေထွေညီလာခံ (၂၀၁၁ ခုနှစ်) တွင် ထောက်ခံအတည်ပြုလိုက်သော မှတ်တမ်းစဉ်များနှင့်ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာ ကြေငြာစာတမ်း (၂၀၁၀ ခုနှစ်)၊

ယဉ်ကျေးမှု - အောက်မေ့ဖွယ်ရာ- ဖြစ်တည်မှုများဆိုင်ရာ ဝါဆောကြေငြာစာတမ်း (၂၀၁၁ ခုနှစ်)၊

ယူနက်စကို အစီအစဉ်များအားလုံးအတွက် သတင်းအချက်အလက် (IFAP) က စီစဉ်ညွှန်ကြားသည့် "သတင်းအချက်အလက် အသိုင်းအဝိုင်းတွင် ဒစ်ဂျစ်တယ်သတင်းအချက်အလက်အကာအကွယ်ပေးရေးအတွက် ပြဿနာများနှင့် အလားအလာများ" အကြောင်း အပြည်ပြည်ဆိုင်ရာ ညီလာခံက လက်ခံကျင့်သုံးခဲ့သည့် ဒစ်ဂျစ်တယ်သတင်းအချက်အလက်ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ မော်စကိုကြေငြာစာတမ်း (၂၀၁၁ ခုနှစ်)၊

"ဒစ်ဂျစ်တယ်ခေတ်အတွင်းရှိ ကမ္ဘာ့အမွေအနှစ်မှတ်တမ်း။ ။ ဒစ်ဂျစ်တယ်စနစ်ပြုခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း " ယူနက်စကို/ယူဘီစီ ဗဲန်ကူးဗား ကြေငြာစာတမ်း (၂၀၁၂ ခုနှစ်)၊

စာကြည့်တိုက်များနှင့် အသိဉာဏ်လွတ်လပ်မှုဆိုင်ရာ IFLA (အပြည်ပြည်ဆိုင်ရာ စာကြည့်တိုက်အသင်းများနှင့် အဖွဲ့အစည်းများ၏ အပြည်ပြည်ဆိုင်ရာ အဖွဲ့ချုပ်) (၁၉၉၉ ခုနှစ်)၊

နယ်မြေခံလူမျိုးများ၏ ယဉ်ကျေးမှုဆိုင်ရာနှင့် အသိဉာဏ်ဆိုင်ရာ ပိုင်ဆိုင်မှုအခွင့်အရေးအတွက် ၁၉၉၃ ခုနှစ် မာတာတူအာ

ကြေငြာစာတမ်း၊ နယ်မြေခံလူမျိုးများ၏ အခွင့်အရေးများဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂကြေငြာစာတမ်း၂၀၀၇ ခုနှစ်

### ၃။ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များ

စာပေနှင့် အနုပညာလက်ရာများကို အကာအကွယ်ပေးခြင်းအတွက် ဘာန်းသဘောတူညီချက် (၁၉၇၉ ခုနှစ်တွင် နောက်ဆုံးအကြိမ် ပြန်လည်ပြင်ဆင်သည်။)

အပြည်ပြည်ဆိုင်ရာ မူပိုင်ခွင့်သဘောတူညီချက် (၁၉၅၂ ခုနှစ်)

ဓါတ်ပြားများနှင့် အသံလွှင့်အဖွဲ့အစည်းများ၏ သရုပ်ဆောင်များ၊ ထုတ်လုပ်သူများကို အကာအကွယ်ပေးခြင်းအတွက် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် (၁၉၆၁ ခုနှစ်)